# မင်းနဲ့မဆိုင်ဘူး

အစ္စလာမ် တက္ကသိုလ်က ဒိဿာပါမောက္ခကြီး တစ်ဦးဟာ အလွန်အင်မတန်မှ ဘာသာရေးစာပေများကို တတ်ကျွမ်း လိမ္မာပြီး တပည့်တပမ်းများလည်း ပေါများလှပါတယ်။

တစ်ပြည်လုံး တစ်နယ်လုံးမှာ ရှိတဲ့ အစ္စလာမ်ဘာသာဝင်များက မိမိတို့ သိချင်တဲ့ ဘာသာရေး ဓမ္မသတ်တွေကို ဆရာကြီးဆီမှာ အားကိုးတကြီး မေးမြန်းနာယူကြပါတယ်။

ဆရာကြီးမှာ သူအလွန်ချစ်မြတ်နိုးတဲ့ သမီးလေး တစ်ဦးရှိပါတယ်။ တစ်ဦးတည်းသော သမီးဖြစ်လို့ အလိုက လိုက်ထားတော့။ သမီးကလည်း နဲနဲ ဆိုးချင်ပါတယ်။ ဒီလို နွဲ့ဆိုးဆိုးပြီး ထိန်းရခက်နေတဲ့ သမီးလေးက အရွယ်ရောက်လာတော့ ဘယ်သူဘယ်ဂါနဲ့ လိုက်သွားမှန်း မသိဘဲ ပျောက်ဆုံးသွားပါတယ်။ အစပိုင်းတော့ ဆရာကြီးလည်း စိတ်တော်တော် ပူသွားပြီး ပုံပျက် ပန်းပျက် ခံစားနေရပြီး။ နောက်ပိုင်းတော့ တနေ့နေ့ သူပြန်ရောက်လာမှာပဲလို့ ပညာတတ်ပီပီ စိတ်ဖြေလိုက်ပြီး၊ သူ့ဂတ္တရားအတိုင်း စာသင်ခြင်း။ ဓမ္မသတ်ပေးခြင်း အလုပ်များမှာ စိတ်ကို နှစ်ထားလိုက်ပါတယ်။

တနေ့မှာ သူထံကို ဥပတိခန့်တဲ့ လူငယ်တစ်ယောက်ရောက်လာပြီး။

ဆရာကြီးခင်ဗျာ ကျွန်တော်တို့ အစ္စလာမ်ဘာသာမှာ ဇနီးမိန်းမကို ရိုက်ခွင့် ရှိပါသလား လို့ မေးမြန်းလာပါတယ်။ ဆရာကြီးကလည်း အစ္စလာမ်ဘာသာမှာ မိန်းမကို ရိုက်နှက် ဆုံးမခွင့် ရှိကြောင်း။ အလ္လာဟ်အရှင်မြတ်က ကျမ်းမြတ်ကုရ်အံမှာ အတိအကျ မိန့် ဆိုထားကြောင်း စီကာပတ်ကုံး အထောက်အထားများစွာနဲ့ ဓမ္မသတ်တွေကို ပေးလိုက်ပါတယ်။

အဲ့ဒီလူငယ်လည်း ကောင်းပါပြီခင်ဗျာ ဆရာကြီးပြောတဲ့ ဓမ္မသတ်ကို နာခံပါ့မယ်လို့ ထ ပြန်မယ် လုပ်တော့။ ဆရာကြီးက -ဒါနဲ့ မောင်ရင့်ကို ဆရာကြီး မမြင်ဘူးပါလား။ မောင်ရင်က ဘယ်သူများလဲကွယ့်။ လို့ မေးမိလိုက်ပါတယ်။

လူငယ်က ကျွန်တော်ဟာ ဆရာကြီးရဲ့ တစ်ဦးတည်းသော သားမက် ဖြစ်ပါတယ်။ လို့ ပြောလိုက်တော့- ဆရာကြီးက ။ ဟေ- ဒါဆို စောစောက ပြောခဲ့တဲ့ ဓမ္မသတ်တွေက မင်းနဲ့ မဆိုင်ဘူးကွ--- တဲ့။

ဇဂနဉာဏ